# ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့

# COVID - 19 Task Force (CTF)

**အမျိုးသားညီညွတ်ရေးအစိုးရ၏ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၏**
**ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ COVID 19 Task Force (CTF) ၏ထုတ်ပြန်ချက်**

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၏ကျန်းမာဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများတို့သည် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကူးစက်ကပ်ရောဂါအား ကာကွယ်ထိန်းချုပ်ကုသပေးနိုင်ရန် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးအဖွဲ့ COVID 19 Task Force (CTF)ကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၁၇)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

၂။ CTF ကို အဖွဲ့ခေါင်းဆောင်အဖြစ် တိုင်းရင်းသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌဒေါက်တာစင်သီယာမောင်၊ ဒုအဖွဲ့ခေါင်းဆောင်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ၏ကျန်းမာရေးဝန်ကြီး ဒေါက်တာဇော်ဝေစိုးတို့ကတာဝန်ယူပြီး အဖွဲ့ဝင်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တတ်သိပညာရှင်များ ပါဝင်ကြပါသည်။

၃။ CTF သည် တိုင်းရင်းသားပြည်သူအားလုံး၏ ကိုဗစ်-၁၉ ကာကွယ်ရေးအသိပညာပေးမှုများ၊ ရောဂါထိန်းချုပ်ရေးလမ်းညွှန်ချက်များ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးအပါအဝင် ရောဂါထိန်းချုပ်ကာကွယ်ရေးတွင် လိုအပ်သောအထောက်အပံ့ရရှိနိုင်ရေးအတွက် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်သည်။

၄။ အထက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက်

(က) ကိုဗစ်-၁၉ ကာကွယ်ဆေးအပါအဝင် လိုအပ်သောနည်းပညာ၊ ဘဏ္ဍာရေးအကူအညီများကို အမြန်ဆုံးထောက်ပံ့ပေးရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအပါအဝင် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ(INGO)၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများနှင့် အာဆီယံနိုင်ငံများအား တောင်းဆိုအပ်ပါသည်။

(ခ) ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို တိုက်ဖျက်နိုင်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ရောဂါကုသကာကွယ်ရေးလမ်းညွှန်ချက်များကို အတိအကျလိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန် -**


၁။ ပဒိုမန်းမန်း - (+၆၆) ၈၇၉၄၃ ၈၇၅၀

၂။ ဒေါက်တာခင်မောင်လွင် - (+၉၅) ၉၇၅၅ ၀၁၆၅ ၁၇

၃။ COVID-19 Task Force (CTF) - nugehocovidtaskforce@gmail.com